May King

# ကြည်ပြာရောင် အချစ်များ



# ကြည်ပြာရောင် အချစ်များ

May King

"ခရီးသည်အားလုံး ဖားကန့်မြို့ ကားကွင်းကိုရောက်ရှိပါပြီရှင်။ ကားပေါ်က မဆင်းခင် ကိုယ့်ပစ္စည်းကို သေချာစစ်ဖို့ မေတ္တာရပ်ခံပါတယ်။ ခရီးသည်များ အားလုံး ပျော်ရွှင် ချမ်းမြေ့ကြပါစေလို့ ကျောက်စိမ်းရွှေပြည် ကားဂိတ်က ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်"

ယာဉ်မယ်လေး၏ ကြေငြာသံအဆုံး ဝေယံ ကားပေါ်ကဆင်းရန် ပြင်လိုက်သည်။ မန္တလေးမှ ကချင်ပြည်နယ် ဖားကန့်မြို့ထိ ကားကို တောက် လျှောက်စီးလာခဲ့ပြီး နောက်ဆုံးတော့ ရောက်ခဲ့လေပြီ။ ကားဝမ်းဗိုက်အောက်မှ မိမိခရီးဆောင်အိတ်ကို ရွေးပြီးလျှင် မဟူရာစံအိမ်ကို သွားရန် ကားငှားဖို့ ကြည့်လိုက် သည်။ ထိုစဉ် အနက်ရောင် ပရာဒိုကားတစ်စီး ကားဂိတ်သို့ ထိုးဆိုက်လာပြီး လူရွယ်တစ်ယောက် ဆင်းလာခဲ့သည်။ အရပ်မြင့်မြင့် မျက်ခုံးထင်းထင်းနှင့် ကြည့်ကောင်းလှသည့် လူငယ်လေးတစ်ဦး။ စီးလာသည့် ကားနှင့် ထိုင်းမင်းသားလို ရုပ်ဖြောင့်သည့် လူငယ်ကိုတွေ့တော့ ကားဂိတ်ထဲမှ ခရီးသည်များနှင့် နယ်ခံများက ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။

ထိုစဉ် ကားဂိတ်ထဲမှ ဂိတ်မှူးဖြစ်ဟန်တူသည့် လူလတ်ပိုင်း လူရွယ်တစ်ဦး ထွက်လာပြီး အနီးလူငယ်ကို အရေးတယူနှုတ်ဆက်နေသည်ကို သတိထားလိုက်မိ သော်လည်း မိမိနှင့်မသက်ဆိုင်လို့ ဝေယံအောင်

မျက်နှာလွှဲလိုက်တော့သည်။ မည်သည့်ခေတ်ကို ရောက်ပါစေ။ ငွေကြေးချမ်းသာသူများက အားလုံးအထက်ကို ရောက်နေသည်ကို မထူးဆန်းစွာ၊ ငြီးငွေ့စွာ တွေးလိုက်မိသည်။

ကိုအားစန်းသည် သီဟမင်းထင်ကို ထွက်လာပြီး နှုတ်ဆက်လိုက်သည်။ နှုတ်မဆက်လို့မရပေ။ ဖားကန့်မြို့တွင် နေထိုင်လုပ်စားသူအားလုံး သီဟရာဇာ company နှင့် ကင်းကွာလို့မရပေ။ သီဟညီအစ်ကိုများက လုပ်ငန်း အတော်များများကို ဖြန့်ကြက်ကာ နိုင်နင်းစွာ အုပ်ချုပ် လုပ်ကိုင်နေကြပြီး သူ မတူအောင် စည်းလုံးကြသည်။ ပြီးတော့ အားလုံး ပျော့ညံ့သူမပါ။ လက်စွမ်းထက်လွန်းလှသည်။ ရတနာမြေ၊ မော်မြေတွင် ထက်မြက်သည်ဟု အသိမှတ်ပြုခံရလျှင် မည်မျှ ကြောက်စရာကောင်းသည်ကို အားလုံးသိသည့် အားလျော်စွာ ကိုအားစန်းသည်လည်း မိမိတို့လုပ်ငန်း အန္တရာယ်ကင်းစွာ လည်ပတ်နိုင်ဖို့ "သီဟ"များနှင့် ဆက်ဆံရေး အဆင်ပြေရန်၊ ထို့ထက် ရင်းနှီးရန် မနည်းကြိုးစားထားရသည်။

ဒါကြောင့် မင်းသားအငယ်ဆုံး သီဟမင်းထင် လာတော့ ခင်မင်သည့်အတွက်လည်း ကိုအားစန်း ကိုယ်တိုင်ထွက်ကာ အရေးတယူ မေးမြန်းရခြင်း ဖြစ်သည်။ တစ်လောကမှ မန္တလေးမှ မိန်းမခိုးလာသည့် သီဟမင်းထင် တစ်ယောက် ကားဂိတ်ကို ရောက်လာသည်ဆိုတော့ ကြည့်ရတာ သူ့ကောင်မလေးဘက်မှ အမျိုး တစ်ယောက်ယောက်ကို လာကြိုတာဖြစ်နိုင်သည်။ ဘာကြောင့် မန္တလေးထိ ကား တစ်စီး မလွှတ်လိုက်သည်ကို တွေးကာ အံ့သြနေသည်။ သီဟများသာ လုပ်ချင်လျှင် ဇိမ်ခံကား အစီးနှစ်ဆယ်လောက်ထိ လွှတ်လို့ရနေသားနှင့် ဟု တွေးနေမိသည်။

"ကိုသီဟမင်းထင် ဘယ်သူ့ကို လာကြိုတာလဲဗျ..."

"ကျွန်တော့်ယောက်ဖကို လာကြိုတာ ကိုအားစန်း။ ခင်ဗျားတို့ကားနဲ့

ပါလာမယ်ပြောလို့ဗျ..."

"နာမည်ဘယ်သူလဲ ကိုသီဟမင်းထင်။ ကျွန်တော် ရှာပေးပါ့မယ်.."

ဂိတ်မှူးကိုယ်တိုင် ထွက်လာပြီး လူငယ်ကို ဂရုတစိုက် မေးနေကတည်းက ဖားကန့်မြို့မှ လူချမ်းသာမှန်း သိလိုက်သည်။ ဝေယံသည် မိမိနှင့် မဆိုင်သဖြင့် ကဒ်ကို ကိုင်ကာ အိတ်ရွေးရန်စောင့်နေစဉ် ယာဉ်အမှုထမ်းလေးက လာမေးသည်။

"အစ်ကို... အစ်ကိုက ကိုဝေယံအောင်လား ခင်ဗျ.."

"ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ.."

"အစ်ကို့ကို လာကြိုတဲ့သူရှိလို့ပါ။ ဂိတ်မှူးကြီး ကိုဝေယံအောင်ကို တွေ့ပြီ ခင်ဗျ..."

ယာဉ်အမှုထမ်းလေး၏ စကားအဆုံး ခုနက ဝေယံအောင်တွေ့လိုက်သည့် လူငယ်က ဝမ်းသာစွာဖြင့် လျှောက်လာပြီး နှုတ်ဆက်သည်။

"အစ်ကိုက ကိုဝေယံအောင်လား။ မိုးဖြူပြောထားပေမယ့် အစ်ကို ဒီလောက် ရုပ်နုတယ်မထင်လို့ပါ.. "

ထိုလူငယ်က ဝမ်းသာအားရ နှုတ်ဆက်ကာ လက်ကမ်းပေးလိုက်သည်။ လူငယ်လေး၏မျက်နှာက အနီးကပ်ကြည့်မှ အတော့်ကို ယောကျ်ားချောချောသည် ကို သတိထားလိုက်မိသည်။ အထူးသဖြင့် ရိုးသားကာ စိတ်ဖြောင့်ကြောင်း ဖော်ပြ သည့် မျက်ဝန်းအကြည့်ကို သဘောအကျဆုံးဖြစ်သည်။ ဝေယံအောင်သည် ထိုလူငယ်ကို အကဲခတ်ကြည့်ကာ လက်ပြန်ကမ်းပေးရင်း သေချာအောင် မေးလိုက် သည်။

"မိုးဖြူက လာကြိုခိုင်းတာလား။ ညီလေးက........"

"ကျွန်တော်က သီဟမင်းထင်ပါ အစ်ကို။ အစ်ကို့ယောက်ဖပါ...။ အစ်ကို

လာတာ ဝမ်းသာလိုက်တာဗျာ။ မိုးဖြူက အစ်ကိုမလာမှာကို စိုးရိမ်နေရှာတာ.."

လူငယ်လေးက ပြုံးရယ်ကာပြောရင်း ဝေယံ့ကို ဆွဲဖက်လိုက်သည်။ ဝေယံသည် အရမ်းရင်းနှီးသည့် အပြုအမူကို တွေ့ကြုံလိုက်ရသဖြင့် ရုတ်တရက်တောင့်ခနဲဖြစ်သွားပြီးမှ ချောင်းဟန့်ကာ ပြောလိုက်သည်။

"လာရမှာပေါ့။ မိုးဖြူက ကိုယ့်ရဲ့တစ်ဦးတည်းသော ညီမလေးပဲဟာ"

"မိုးဖြူရဲ့ကြီးကြီးတွေက စိတ်ဆိုးပြီး မလာဘူးပြောနေကတည်းက စိတ် မကောင်းဖြစ်နေတာ။ အစ်ကိုမလာရင် သူ မင်္ဂလာနေ့မှာ ငိုမှာသေချာတယ်"

သီဟမင်းထင်က ဝေယံအောင်ကို လွှတ်ကာ အလေးအနက် ပြောရှာသည်။ ထိုစကားအရ ဝေယံအောင်သည် ညီမလေးကို ခိုးပြေးသွားသည့် ယောက်ဖ လေးကို ခွင့်လွှတ်လိုက်သည်။ သီဟမင်းထင်ဆိုသည့် လူငယ်လေးက မိုးဖြူလေးကို ချစ်လို့တော်သေးသည်ဟု ဆိုရမည်။

"လာ.. အစ်ကို... မိုး အစ်ကို့ကို မျှော်နေပြီ"

"အင်း... ခဏလေး.. ကိုယ့်အထုပ်ကို ရွေးရဦးမယ် ညီလေး"

"ရတယ် အစ်ကို... ကျွန်တော် သယ်လာပါ့မယ်..."

သီဟမင်းထင်သည် ဖျတ်လတ်စွာနှင့် ဝေယံအောင်၏ အထုပ်များကို ကူသယ်ကာ ကားပေါ် တင်လိုက်သည်။ သီဟမင်းထင်ကိုယ်တိုင် အထုပ်သယ်ပေး နေသည် ကားတံခါး ကိုယ်တိုင်ဖွင့်ပေးသည်ကိုတွေ့တော့ ဂိတ်မှူး ကို အားစန်း ပါးစပ်ပြဲသွားတော့သည်။

"အင်း အနောက်က နေထွက်ပြီဟ... သီဟတွေ ကားတံခါး ဖွင့်ပေး ရတဲ့သူကို တွေ့ဖူးပြီ.."

ထိုစကားမှတ်ချက်ကို ဝေယံအောင် မသိပါ။ အားလုံး ဝိုင်းစပ်စုနေသည့်

မျက်ဝန်းများကို သိသော်လည်း သူတို့က လူချမ်းသာ၊ လူသိများသောကြောင့်ဟု ထင်လိုက်သည်။ တကယ်တော့လည်း ဝေယံ၏စိတ်က ညီမလေးမိုးဖြူဆီကို ရောက်နေပြီ။

"မိုးဖြူ နေကောင်းရဲ့လား... ညီလေး.."

"ကောင်းပါတယ် အစ်ကိုဝေယံ"

"အင်း... မင်းကို အစ်ကို ဘာမှ မတောင်းဆိုဘူး။ မိုးဖြူလေးကို စိတ်ချမ်းသာအောင်ထားပါ။ ဒီတစ်ခုပဲ တောင်းဆိုချင်ပါတယ်"

"စိတ်ချပါ အစ်ကို။ ကျွန်တော်သေတဲ့အထိ မိုးဖြူကို စိတ်မဆင်းရဲ စေရပါဘူး"

လူချမ်းသာ အထက်တန်းလွှာ လူငယ်လေးကို မယုံရဲသော်လည်း ရိုးသားသည့် မျက်ဝန်းကြောင့် ဝေယံအောင် အနည်းငယ် စိ်တ်အေးသွားခဲ့သည်။ ကားကွင်းမှ ထွက်လာသောကားလေးသည် အရှိန်နှင့် တရိပ်ရိပ်ပြေးနေသည်။ ဦးတည်ရာက မြို့ဟိုဘက် လူချမ်းသာရပ်ကွက်သို့...။ ကားကွင်းနှင့် ဆန့်ကျင် ဘက်သို့ရောက်လေ အိမ်တွေက အိမ်ကြီး အိမ်ကောင်း၊ ဝင်းအကျယ်ကြီးနှင့် ထိုခြံများထဲတွင် ကားများ အပြည့်ရပ်ထားကြသည်။

"အင်း... ကျောက်စိမ်းမြေဆိုတော့ သူဌေးတွေ ပေါကြတယ်ကိုး.."

ထိုသို့သာ မှတ်ချက်ချလိုက်မိပြီးမှ ညီမလေး ဒီအသိုင်းဝိုင်းမှာ ကျန်ရစ်ခဲ့မည်ကိုတွေးကာ စိတ်ပူသွားပြန်သည်။ သူတို့လို လူချမ်းသာများကြား ညီမလေး တစ်ယောက်တည်း ကျန်ရစ်ခဲ့လျှင် အနိုင်ကျင့်များခံရမလားဟု တွေးမိလိုက်သည်။ ငွေကို ဘုရားလို ကိုးကွယ်နေသည့် လူများတွင် ကိုယ်ချင်းစာတရား ခေါင်းပါး နေလျှင် ဘယ်လိုလုပ်မလဲ။

မိမိတို့က မရှိမရှား လူလတ်တန်းစားထဲမှ ဖြစ်သည်။ ဝေယံနှင့် မိုးဖြူဆို

သည့် မောင်နှမနှစ်ဦးတွင် မိဘများလည်း ဆုံးပါးသွားကြလေပြီ။ ဖေဖေက ဝေယံတို့ ငယ်ကတည်းက ဆုံးတာဖြစ်သည်။ မေမေပဲ စီးပွားရှာကာ ဝေယံတို့ မောင်နှမကို ပညာရေးထူးချွန်ရန် မြေတောင်မြှောက်ပေးခဲ့သည်။ သို့သော် ဝေယံ ဘွဲ့လွန်တက်သည့်နှစ်တွင် ကင်ဆာနှင့် ဆုံးပါးခဲ့သည်။ မသေခင် ပညာရေး ထူးချွန်အောင် ကြိုးစားရန် မှာကြားခဲ့လို့ ဝေယံ ပညာရေးဘက်ကို ဇောက်ချကာ မေမေဖြစ်စေချင်သည့်အတိုင်း ကြိုးစားခဲ့သည်။

ညီမလေး မိုးဖြူက ကြီးကြီးတို့၏ အုပ်ထိန်းမှုအောက်တွင် ဆက်ရှိနေလို့ စိတ်ချပြီး ဝေယံအောင် နိုင်ငံခြားဘွဲ့လွန်ကိုပင် ဆက်ယူလိုက်မိသည်။ ထို့နောက် ဝေယံ အလုပ်ဝင်ခဲ့သည်။ Private University တစ်ခုတွင် ကထိကရာထူးနှင့် အလုပ်ဝင်ခဲ့သည်။ ရန်ကုန်တွင် အလုပ်ဝင်တော့ ညီမလေးမိုးဖြူက မန်းလေးတွင် ကြီးကြီးတို့နှင့် ကျန်ရစ်ခဲ့သည်။ နောက်တော့ ကြီးကြီးတို့ ဖုန်းဆက်ပြီး ငိုကြီးချက်မ ပြောတော့မှ ညီမလေး လင်နောက်လိုက်သွားသည်ကို သိတော့သည်။

ဝေယံအောင်သည် တစ်ဦးတည်းသော ညီမလေး ဒီလောက် မိုက်သည်ကို ဒေါသလည်းထွက်သည်။ စိတ်လည်းပူပြီး ခွင့်ယူကာ မန်းလေးကို ဆင်းခဲ့သည်။ မန်းလေး ရောက်တော့ ကြီးကြီးတို့ကိုနှစ်သိမ့်ပြီး မိုးဖြူ၏ ကောင်လေးအိမ်သို့ လိုက်ခဲ့ရတော့သည်။ ကြီးတော် အပျိုကြီးများနှင့် ညီမအကြား အဆင်ပြေအောင် လုပ်ပေးချင်သည်။ ဘာပဲပြောပြော ကြီးတော်များက မိမိတို့မောင်နှမကို သားသမီးအရင်းလို သဘောထားခဲ့သည်။ ကြီးကြီးတို့ကို ဝမ်းနည်းပက်လက် မဖြစ်စေချင်ပါ။ မိုးဖြူ၏အခြေနေကို အကဲခတ်ပြီး လာပြီး တောင်းပန်ကန်တော့ စေချင်သည်။ ထို့ကြောင့် ဝေယံအောင်ကိုယ်တိုင် ဖားကန့်ကို တက်လာခဲ့သည်။ ယခုတော့ ယောက်ဖလေးကိုယ်တိုင် လာကြို

ပြီး သူတို့အိမ်ကို သွားနေပြီ။ မကြာခင် ညီမလေးနှင့် တွေ့ရတော့မည်ဖြစ်လို့ အဆင်ပြေသွားမှာပါဟု ကိုယ့်ဖာသာ အားပေးရင်း သက်ပြင်းချလိုက်မိသည်။

"ကျွန်တော့် အစ်ကိုကြီးက အစ်ကိုဝေယံလာမယ်ဆိုလို့ ကျောင်းမသွားဘဲ စောင့်နေတယ်ဗျ..."

ကိုသီဟစောကို တွေ့ရမည်ဖြစ်လို့ ဝေယံအောင် ရင်ထိတ်လာသည်။ သူ့ကို မမှတ်မိလောက်ဟု မျှော်လင့်မိပါသည်။ တကယ်တော့ မိုးဖြူကို ခိုးသွားသည့် ကောင်လေးက သီဟမင်းထင်ဆိုသည့် နာမည်ကို ကြားကတည်းက ဝေယံအောင် ရင်ထဲ လေးဆင်းသွားခဲ့သည်။ သေချာအောင် စုံစမ်းကြည့်တော့ မိမိ ကြိတ်ကာ ဆုတောင်းထားသမျှ သဲထဲရေသွန် ဖြစ်သွားတော့သည်။ သီဟရာဇာ ကျောက်မျက် Company မှ ညီအငယ်ဆုံး သီဟမင်းထင် ဆိုသည့် ကောင်လေးဖြစ်နေသည်။ ဒါဆိုလျှင် မိမိမေ့ထားသည့် အိပ်မက်ဆိုးများ တဖန် အသက်ဝင်လာပြန်မည်ကို စိုးရွံ့ကာ ဝေယံအောင် မည်သို့လုပ်ရမလဲဟု တွေးကာ အတော့်ကို ခေါင်းခြောက် ခဲ့သည်။

ကလေးလေးဟု ယူဆကာ ပိုးမွေးသလို မွေးထားစဉ် စာမေးပွဲ ဖြေပြီးသည်နှင့် ယောက်ျားနောက်လိုက်သွားသည့် ညီမလေးမိုးဖြူကို ကြီးကြီးထားက မျက်နှာမမြင်ချင်ဟု တင်းမာစွာပြောသော်လည်း ကြီးကြီးနွယ်က ဝေယံ့ကို တွေ့တော့ မျက်ရည်လေးစမ်းစမ်းနှင့် မိုးဖြူကို ပြန်ခေါ်ပေးရန် ပြောနေသဖြင့် ဝေယံ တုန်လှုပ်နေသည့်ကြားမှ စိတ်ကိုတင်းကာ ကား လက်မှတ်ဖြတ်ပြီး မိမိ မလာချင်သည့် ဖားကန့်မြို့ကို ထွက်လာခဲ့သည်။

ကြီးကြီးထားက မည်မျှတင်းမာစွာပြောပါစေ။ မိုးဖြူလေးကို သတိရပြီး ညတိုင်း ကြိတ်ငိုသည်ကိုသိတော့ ဝေယံလာမည့်ဘေးကို ပြေးတွေ့မည်ဟု ဆုံးဖြတ်ကာ သူရှိရာမြေကို လာခဲ့သည်။ ဒီကမ္ဘာမှာ ကြောက်စရာ

အကောင်းဆုံး သွေးအေးသတ္တဝါ တစ်ကောင်ကို ပြန်လည်တွေ့ရမည့်အဖြစ်က တစ်လမ်းလုံး ဝေယံ့ကို သက်ပြင်း အကြိမ်ကြိမ် ချမိစေသည်။ တစ်လမ်းလုံး အတိတ်မှ သူနှင့် ကြုံခဲ့ဖူးသည့် အဖြစ်ဆိုးကို တဖျပ်ဖျပ် ပြန်သတိရနေခဲ့သည်။ အိပ်မက်ဆိုးတို့ မိမိထံ တစ်ကျော့ပြန်လာခဲ့လေပြီ။ သူ မိမိကို ပြောထားသည့် စကားကို ပြန်သတိရကာ ဖားကန့်နှင့် နီးလာသည်နှင့်အမျှ တင်းထားသည့် စိတ်တို့ တဖြည်းဖြည်း အရည် ပျော်သွားသလို ခံစားလိုက်ရသည်။

"အစ်ကိုလေးကို အစ်ကိုကြီးသီဟစော စောင့်နေပါတယ်..."

ခြံကျယ်ကြီးထဲ ကားဝင်ပြီး ဆင်ဝင်အောက်တွင် ရပ်လိုက်သည်နှင့် အလုပ် သမားလေးက တံခါးလာဖွင့်ပေးရင်း အကြောင်းကြားသည်။ ထို စကားကို ကြားသော် ဝေယံအောင် သူမရှိပါစေနှင့်၊ သူခရီးလွန်နေပါစေဟု ဆုတောင်းထားသမျှ အလကားဖြစ်သွားလေပြီ။ သီဟမင်းထင်က ခေါင်းညိတ်ကာ အထုပ်များကို သယ်ရန် အမိန့်ပေးပြီး ဝေယံ့ကိုခေါ်ကာ အိမ်ထဲကို ဝင်လာခဲ့သည်။

ကနုတ်ပန်းများနှင့် အနုပညာ လက်ရာမြောက်လှသည့် ကျွန်းတံခါးကို ဖြတ်ပြီး ဧည့်ခန်းမတစ်ခုကိုဖြတ်သည်။ ထိုဧည့်ခန်းမတွင် မိမိကို လက်ခံတွေ့ဆုံမည် ထင်ထားခဲ့ရာ မည်သူ့ကိုမှ မတွေ့ရသဖြင့် အံ့ဩနေစဉ် သီဟမင်းထင်က နောက်ထပ် အခန်းတစ်ခုထဲကို ခေါ်သွားသည်။ ထိုအခန်းထဲကို ဝင်လိုက်မိသည်နှင့် အရင်ဆုံးရလိုက်သည်က စပယ်ရနံ့။ Air-Fresher ရနံ့မဟုတ်သည့် လတ်ဆတ် သည့် စပယ်ပန်းရနံ့ကြောင့် ခရီးပန်းကာ ငြီးစီစီဖြစ်ခဲ့သည့် ဝေယံအောင် စိတ်ကြည် သွားခဲ့သည်။

သို့သော် မိမိကို စိုက်ကြည့်နေသည့် လူများထဲမှ စူးရှသည့် မျက်ဝန်းတစ်စုံနှင့် လူတစ်ယောက်ကို တွေ့လိုက်စဉ် ဝေယံအောင်၏စိတ်တို့

နောက်ကျို သွားခဲ့သည်။ တည်ငြိမ်နေသည့်စိတ်လေး ပျက်ပြားသွားခဲ့ရသည်။ ထိုလူ၏ အကြည့်များက မိမိ ဆုတောင်းထားသည်နှင့် ဆန့်ကျင်ဘက် မိမိကို ကောင်းစွာ မှတ်မိသည့် အရိပ်များပေါ်နေသည်။ ထို့ပြင် မိမိကို ရှက်ရွံ့သွားစေသည့်၊ လန့်ဖျပ် သွားစေသည့် အရိပ်များက တဖျပ်ဖျပ်လက်လို့နေသည်။

ထိုသူ၏နံဘေးတွင် ခေတ်ဆန်လှပသည့် အမျိုးသမီးတစ်ဦး၊ ဘေး ဆိုဖာတွင် မိမိ၏ တစ်ဦးတည်းသော ချစ်ညီမလေး မိုးဖြူ။ မိုးဖြူကို တွေ့သည်နှင့် ထိုလူကြောင့် စိတ်ညစ်ရသည်တို့ကို မေ့သွားတော့သည်။ ညီမလေးကိုကြည့် ရသည်မှာ ယခင်နှင့်မတူဘဲ ပြောင်းလဲသွားသလိုပင်။ ဝတ်ထားသည့် အကောင်းစားအဝတ်ထည်များ ကြောင့်လား။ အိမ်နေရင်းပင် ဖြစ်သော်လည်း ညွတ်နေအောင် ဝတ်ထားသည့် စိ်န်ထည်များကြောင့်လား။ ဒါမှမဟုတ် အိမ်ထောင် သည် ဖြစ်သွားလို့လားတော့ မသိတော့ပေ။ မိမိ ညီမ ချာတိတ်မလေး ဆိုသည့်ပုံစံမှ ရင့်ကျက်သည့် မိန်းမပျိုလေးအဖြစ်ကို ပြောင်းလဲသွားပုံက ဝေယံအောင်ကို ရင်ထဲ မချိတရိ ခံစားသွားရစေသည်။ နမြောသည်။ ပြီးတော့ မိမိညီမလေးကို ဆိုင်သာ ဆိုင်သည် မပိုင်တော့ ဆိုသည့်အသိက လွှမ်းခြုံလာသောကြောင့် စိတ်ထိခိုက်လာ မိသည်။

"အစ်ကိုကြီး.."

"ညီမလေး..."

မိုးဖြူ ထိုင်ရာမှထကာ ရင်ခွင်ထဲ တိုးဝင်လာမိစဉ်တခဏ ဝေယံအောင်၏ စိတ်ခံစားချက်အားလုံး နေလာနှင်းပမာ ပျောက်ကွယ်သွားတော့သည်။ မိမိအပေါ် ညီမလေး၏ချစ်ခင်မှုက မပြောင်းလဲဘဲ ယခင်အတိုင်း ရှိနေသည်ကို ခံစားမိသဖြင့် စိတ်သက်သာရာ ရသွားတော့သည်။ ဝေယံအောင်သည် မိုးဖြူ၏ ကျောပြင်လေးကို အသာပုတ်ကာ စိတ်လှုပ်ရှားမှုကို မနည်းထိန်းကာ

ပြောလိုက်သည်။

"မိုးဖြူ... ညီမလေး... လုပ်ရက်လိုက်တာကွယ်။ ကြီးကြီးတို့ကို အဲ့လောက် မရက်စက်ရဘူးလေ။ အစ်ကိုကြီးကို နည်းနည်းလေးတောင် မတိုင်ပင်ပဲ ချက်ချင်း ချစ်သူနောက်ကို လိုက်ခဲ့ရတာလားကွာ"

"ညီမလေး တောင်းပန်ပါတယ် အစ်ကိုကြီးရယ်။ ညီမလေးလေ သူ့ကို မခွဲနိုင်တော့လို့ပါ။ အစ်ကိုကြီးတောင် အိမ်ထောင်မပြုသေးတာ။ ညီမလေးက နောက်ဆုံးနှစ်ဖြေပြီးပြီးချင်း အိမ်ထောင်ပြုချင်တယ်လို့ ဘယ်လိုဖွင့်ပြောရဲပါ့မလဲ။ ဒါကြောင့် သူ့နောက် တစ်ခါတည်းလိုက်ခဲ့တာပါ"

မိုးဖြူ မျက်ရည်စီးကျလာရင်း တောင်းပန်နေသည်ကို တွေ့သော် ဝေယံအောင် သက်ပြင်းရှိုက်လိုက်မိသည်။ ပြီတော့ မိမိတို့မောင်နှမ ဖက်ငိုနေသည်ကို ဒရမ်မာဇာတ်လမ်းကြည့်သလို မမှိတ်မသုန်ကြည့်နေသည့် လူတစ်စုကို လည်း သတိရသွားကာ ညီမလေးနှင့် လူချင်းခွာလိုက်ပြီး သူတို့ကို ရင်ဆိုင်ကြည့် လိုက်သည်။

ထိုအထိ သီဟစောက တုတ်တုတ်မလှုပ် စိုက်ကြည့်နေသည်။ မျက်လုံး မလွှဲတမ်း၊ မျက်တောင်မခတ်တမ်း၊ ဝေယံအောင်၏ လှုပ်ရှားမှုကို အသေးစိတ် မှတ်သားနေမိသည်။ သို့သော်လည်း သူ၏အပြင်ပန်းပုံစံက ရန်သူကိုကြည့်နေသလို ကြောက်မက်ဖွယ်ကောင်းနေမှာတော့ အမှန်ပင်။ ဒါကို သီဟစောလည်း မပြင် နိုင်တော့ပေ။ ခေါက်ရိုးကျိုးသွားသည့် ပုံစံကြောင့် သွေးအေး လူသတ်သမား အကြည့်ရယ်လို့ နာမည်တွင်ခဲ့တာလည်း ကြာခဲ့လေပြီ။ ထိုအကြည့်၊ ထိုပုံစံနှင့် လူတကာကို အုပ်ချုပ်ရတော့ ထိုပုံစံကို ပြင်ဖို့လည်း စိတ်ကူးမရှိတော့ပေ။ ယခုလည်း မသိလျှင် မိမိခယ်မလေး၏ အစ်ကိုကို မိမိက ရန်လုပ်ချင်လို့ ကြည့်နေသည်ဟုသာ ထင်ကြပေလိမ့်မည်။ ထင်ချင်တာ ထင်ပါစေ။ ကိုယ်မှန်သည် ထင်တာကိုလုပ်တာ နေ

သားကျခဲ့ပြီမို့ သီဟစော ထိုမောင်နှမ နှစ်ယောက် အလွမ်းသယ်နေသည်ကို အေးစက်စက် ဆက်ကြည့်နေမိသည်။

သီဟမင်းထင်သည် ဇနီးနှင့် ယောက်ဖတို့နှစ်ဦး စိတ်ခံစားချက်ကို ထိန်းသိမ်းနိုင်မှ ဝေယံအောင်နှင့် အစ်ကိုကြီးတို့လင်မယားကို မိတ်ဆက်ပေးသည်။

"အစ်ကိုဝေယံ.. ဒါ ကျွန်တော့် အစ်ကိုကြီး သီဟစောပါ။ ဒါက မရီး မမမြတ်လေးခိုင်ပါ။ အစ်ကိုလတ် သီဟသစ်လွင်ကတော့ ကျင်းမှာ သွားစစ်ဆေးနေလို့ အိမ်ပြန်မအိပ်ဘူး။ အစ်ကိုကြီးနဲ့မမခိုင်.. ဒါမိုးဖြူရဲ့အစ်ကိုကြီး ဝေယံအောင်ပါ"

သီဟစောသည် ထိုင်ရာမှထကာ ဝေယံအောင်ကို လက်ကမ်းပေးပြီး နှုတ်ဆက်စကားဆိုသည်။ ချိုရှရှသူ့အသံသည် လွန်ခဲ့သော နှစ်နှစ်အတိုင်း မပြောင်း လဲသေးပါ။ ဝေယံအောင်သည် လက်ကိုလှမ်းဆွဲရန် တွန့်နေသော်လည်း ညီမလေး ကြည့်နေသဖြင့် အသက်အောင့်ကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ပြန်လည်ဆုံတွေ့ရတာ ဝမ်းသာပါတယ် ဝေယံ... အခုဆို ကိုယ်တို့က သူစိမ်းတွေ မဟုတ်တော့ဘဲ.. ဆွေမျိုးတွေဖြစ်နေပြီ"

မထင်မှတ်ထားသည့် နှုတ်ဆက်စကားကြောင့် ဝေယံအောင် ထူပူသွာ းခဲ့ပြီး သီဟစောကို အလန့်တကြား ကြည့်လိုက်မိစဉ် ခန့်ညားကာ ယောကျ်ားပီသ သည့် သူ့မျက်နှာပေါ်တွင် ရဲတင်းကာ လုပ်ချင်ရာလုပ်တော့မည် ဆိုသည့် အကြောင်းကို အထင်းသား တွေ့လိုက်ရသည်။ မြတ်လေးခိုင်နှင့် သီဟမင်းထင် တို့က ဝေယံအောင်ကို သိလိုဇောနှင့် စိုက်ကြည့်နေကြသည်။ ဝေယံအောင် လက်ဖျားများ အေးစက်သွားခဲ့ပြီး သူ့လက်ထဲမှ မိမိလက်ကို ဆွဲဖြုတ်လိုက်သည်။ သို့သော် သီဟစောက လွှတ်မပေးဘဲ ကျန်

သူများကို လှည့်ကြည့်ကာ အေးဆေးစွာ ဖွင့်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ဝေယံနဲ့အစ်ကိုကြီး သိကျွမ်းခဲ့ပြီးသားပါ။ ဝေယံအောင်ဆိုတဲ့ နာမည်ကိုကြားတော့ အစ်ကိုကြီးရဲ့ မိတ်ဆွေထင်လို့ ခရီးထွက် စရာရှိတာမထွက်ဘဲ နှုတ်ဆက်ချင်လို့ စောင့်နေခဲ့တာ မှန်သွားတယ်"

သူပြောလိုက်သည့်စကားကြောင့် သီဟမင်းထင်နှင့် မိုးဖြူပျော်သွားကြသည်။ အထူးသဖြင့် မိုးဖြူက ချမ်းသာပြီး ဩဇာကြီးလှသည့် အိမ်ထောင်ဦးစီး ခဲအိုကြီးကို ရှို့နေရာမှ အစ်ကိုကြီးသူငယ်ချင်း ဆိုသည့်အသိကြောင့် အနည်းငယ် သက်တောင့် သက်သာ ဖြစ်သွားသလို ခံစားလိုက်ရသည်။

"တော်သေးတာပေါ့ဗျာ။ အခုမှ စိတ်ချရတော့တယ်"

သီဟမင်းထင်က ဝမ်းသာအားရပြောကာ ဇနီးလေး၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ မြတ်လေးခိုင်သည် ယခုထိတိုင် မိုးဖြူအစ်ကိုဖြစ်သူ၏ လက်ကို ဆုပ်ကိုင်ထားသည့် ခင်ပွန်းသည်ကို စိုက်ကြည့်လိုက်တာ တစ်စုံတစ်ခုကို တွေးလိုက်မိပြီး နှုတ်ခမ်းက အပြုံးတစ်ပွင့် ပေါ်လာခဲ့သည်။

"ကိုဝေယံအောင် လက်ကို လွှတ်ပေးပါဦး ကိုကိုရယ်။ ခိုင်လည်း နှုတ်ဆက်ချင်လို့ပါ"

သီဟစောသည် မြတ်လေးခိုင်၏ ခနဲ့စကားကို အလေးမထားဘဲ ဝေယံအောင်ကို မိတ်ဆက်ပေးလိုက်သည်။

"ဝေယံ... ဒါ ကိုယ့်ရဲ့မဟေသီ မြတ်လေးခိုင်တဲ့။ မင်းနဲ့တစ်ကျောင်းတည်း တက်ခဲ့ဖူးမယ်ထင်တယ်။ သူ မန်းလေး အ.ထ.က (၁၆)ကနေ ဆယ်တန်းအောင် ခဲ့တာပဲ"

ဝေယံအောင်သည် သူ့လက်ထဲမှ မိမိလက်ကို အတင်းဆွဲဖြုတ်ကာ

မြတ်လေးခိုင်ကို နှုတ်ဆက်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် မမြတ်လေးခိုင်။ ကျွန်တော် ဝေယံအောင်ပါ"

မြတ်လေးခိုင်သည် မိမိ စိုက်ကြည့်နေသည်ကို ဂရုမစိုက်ပဲ ရင်းနှီးမှုကို ဖော်ပြကာ မိမိကို ပြန်မိတ်ဆက်ပေးနေသည့် ခင်ပွန်းသည်ကို အငြိုးနှင့်ကြည့်ကာ ဝေယံအောင်ကို ပြုံးပြလိုက်သည်။

"ကျွန်မ မြတ်လေးခိုင်ပါ။ ရှင်က အ.ထ.က(၁၆)က ဆယ်တန်းအောင် တာတောင် ကိုကိုသိနေတာဆိုတော့ ကိုကိုနဲ့ အတော့်ကို ရင်းနှီးခဲ့ပုံရတယ်။ ရှင်တို့ ဘယ်မှာ ရင်းနှီးခဲ့တာလဲ ကိုဝေယံအောင်..."

ထိုမေးခွန်းကြောင့် ဝေယံအောင် အသက်ရှူရ ကြပ်သွားတော့သည်။ သီဟစောကိုလည်း ဒေါသထွက်သွားမိသည်။ ဒီလူ မိမိကို အငြိုးနှင့် ကလဲ့စားချေမည်ဟုများ ဆုံးဖြတ်ထားသလားဟု တွေးလိုက်မိပြီး ပြန်ဖြေရှင်းရန် ပါးစပ်ဟ လိုက်စဉ် သီဟစောက စကားဖြတ်လိုက်သည်။

"ဝေယံအောင်က မိုးဖြူ မဂ်လာပြီးတဲ့အထိ နေမှာ ခိုင်။ မင်းမေးစရာရှိတာ အဲ့ချိန်မှ အေးဆေးမေး။ အခု မနက်စာ စားချိန်ရောက်ပြီ။ ကဲ.. လာ.. ဝေယံ... မင်းလည်းဆာရောပေါ့။ ကားပေါ်က ဆင်းလာတာ။ မနက်စာ အေးဆေးစားပြီး နားလိုက်ဦး.."

သီဟစောသည် ဝေယံအောင်၏ လက်ကိုဆွဲကာ ထမင်းစားခန်းဘက်ကို ထွက်လာခဲ့သည်။ ဝေယံအောင်သည် မြတ်လေးခိုင်ကို ချိုးလိုက်သည့် သီဟစော၏ အပြုအမူကြောင့် သူ့လက်ထဲမှ မိမိလက်ကို ရုန်းလိုက်သည်။ သို့သော် ပြုတ်တူပမာ သန်မာလှသည့် သူ့လက်ထဲက မိမိလက် လုံးဝမလွတ်မြောက်နိုင်ဘဲ သူဆွဲခေါ်ရာကို ပါလာခဲ့တော့သည်။

"ကျွန်တော့်လက်ကို လွှတ်ပါဗျ..."

ဝေယံအောင် သူ့ကို ခပ်ကြိတ်ကြိတ်ပြောလိုက်သော်လည်း လွှတ်မပေးဘဲ သူနှင့်အနီးဆုံးတွင် နေရာချကာ ထိုင်စေပြီး ပြောလိုက်သည်။ တစ်လက်စ တည်း မိုးဖြူကိုပါ ဝေယံအောင်နံဘေးတွင် ထိုင်စေသည်။

"မင်းတို့မောင်နှမက ဒီမှာထိုင်။ အခုဆိုရင် မင်းတို့က ကိုယ့်ရဲ့မိသားစု ဖြစ်သွားကြပြီ။ သူစိမ်းလိုမနေနဲ့..."

သူ၏ ပိုင်စိုးပိုင်နင်းအပြောကို ဝေယံအောင် ငြိမ်ခံနေလို့မရတော့ဘဲ ပြန်ပြောလိ်ုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုသီဟစော။ အဲ့ဒီစကားက ညီမလေးမိုးဖြူအတွက်ပဲ မှန်ပါလိမ့်မယ်။ ကျွန်တော်ကတော့ ဒီမိသားစုဝင်လို့ သတ်မှတ်လို့ မရပါဘူးဗျာ..."

ဝေယံအောင်၏ စကားကိုကြားသော် သီဟမင်းထင် အံ့အားသင့်ကာ အစ်ကိုကြီးမျက်နှာကို တစ်ချက်ကြည့်လိုက်မိသည်။ အစ်ကိုကြီးကို ယခုလို အတိုက်အခံ ပြောရဲသည့်သူကို ပထမဆုံး မြင်ဖူးခြင်းဖြစ်သည်။ မိုးဖြူသည်လည်း အစ်ကိုဖြစ်သူ၏ တုတ်ထိုးအိုးပေါက် စကားကြောင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားသည်။

အစ်ကိုဝေယံအကြောင်းကို မိမိအသိဆုံးဖြစ်သည်။ မဟုတ်မမှန်သည်ကို မိုန်းမခံတတ်သည့် အကျင့်၊ အမှန်ကို ပြောတတ်သည့် အကျင့်ကို ယခုမှ တော်စပ်သည့် ခဲအိုက နားလည်ပေးနိုင်ပ့ါမလားဟု တွေးပူလိုက်မိသည်။ မိမိ သီဟမင်းထင်နှင့် ခိုးရာလိုက်ပြေးလာပြီး ဒီအိမ်ကိုရောက်တာ တစ်လ လောက်ရှိပြီ ဆိုတော့ အစ်ကိုကြီး သီဟစောကို ဘာကြောင့် လူတိုင်း ကြောက်ရွံ့ကြသည်ကို အထိုက်အလျောက် သိထားပြီးဖြစ်သဖြင့် အစ်ကိုဝေယံ၏စကားက ခဲအိုတော်ကြီး၏ ဒေါသကို နှိုးဆွလိုက်မည်ကို ကြောက်နေမိသည်။

သီဟစောက မကြားသလိုပင် သူ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး စားစရာ များကို စားရန် လောကွတ်ပြုလိုက်သည်။ သူ့အတွေးထဲမှ ဝေယံသည် ယခုမှ ပြည့်စုံသွားသလို ခံစားလိုက်ရပြီး ကျေနပ်သွားသည်။ မိမိချစ်သည့် ကောင်လေး သည် ဘယ်တော့မှ သူ့စိတ်ကို မပြောင်းလဲအောင် ခိုင်မာသည့်အချစ်က မိမိကို စွဲလန်းစေခြင်း ဖြစ်ပါလိမ့်မည်။ စိတ်ဓါတ်ခိုင်မာပြီး ကြင်နာတတ်သူကို မိမိချစ်သည်။ ဒါကြောင့် သီဟစောအတွက် ဝေယံ၏စကားများက ပန်းနှင့် ပေါက်သည်ထက်ပင် နူးညံ့ပါသေးသည်။

"အားလုံး ဒေသစာတွေ စီစဉ်ခိုင်းထားတယ်။ ဝေယံ ထည့်စား။ မိုးဖြူ ညီမလေး မင်း အစ်ကိုကို ထည့်ပေးပါ"

***